ပုဂ္ဂိုလ်သုံးပါးဘုရားတဆူပွဲနေ့ မေလ ၂၆ ၂၀၂၄

ယယ်စဉ်ကရွာမှာ ဘုရားကျောင်းခေါင်းလောင်း သုံးကြိမ်ထိုးပြီးရင်တော့ ဘုရားရှိခိုးခြင်းအစီအစဉ်စပါပြီ။ ပြန်သတိရပါတယ်။

သာသနာတော်မှာရှိတဲ့ဆုတောင်းမေတ္တာအားလုံး– ပုဂ္ဂိုလ်သုံးပါးဘုရားတဆူရဲ့နာမတော်၌အဆုံးသတ်ပြီး ပုဂ္ဂိုလ်သုံးပါးဘုရားတဆူကိုဂုဏ်ပြုလျက်ရှိပါတယ်။ စက္ကရင်မင်တူးလို့ခေါ်တဲ့ သန့်ရှင်းသောအမှတ်လက္ခဏာတိုင်း ပုဂ္ဂိုလ်သုံးပါးဘုရားတဆူရဲ့နာမတော်၌ ပြုလုပ်ဆောင်ရွက်ပါတယ်။ ဘုရားကျောင်းခေါင်းလောင်းကိုလဲ နေ့စဉ်သုံးကြိမ်ထိုးတတ်တဲ့ ထုံးစံရှိပါတယ်။ ကျွန်ုပ်တို့ မိမိကိုယ်ကို ပုဂ္ဂိုလ်သုံးပါးဘုရားတဆူရဲ့နာမတော်ဖြင့် ကောင်းကြီးပေးတယ်။ ဘုန်းတော်ကြီးများလဲကျွန်ုပ်တို့ကို ပုဂ္ဂိုလ်သုံးပါးဘုရားတဆူရဲ့နာမတော်အားဖြင့် ကောင်းကြီးပေးပါတယ်။

တဆူတည်းသောဘုရားမှာပုဂ္ဂိုလ်သုံးပါးရှိကြောင်းကို ထောက်ပြပါလို့ ညီအကိုခရစ်ယာန်အချင်းချင်းသော်လည်းကောင်း၊ ခရစ်ယာန်မဟုတ်တဲ့ညီအကိုမောင်နှမများကို ပြောပြနိုင်ဘို့အတွက်သော်လည်းကောင်းဆိုရင် ကျွန်ုပ်တို့ ဘယ်မှာတွေ့နိုင်မှာလဲ။

- ပထမအချက်အနေနဲ့ ဓမ္မသစ်ကျမ်း (သို့မဟုတ်) ဧဝံဂေလိကျမ်း လူကား ၁း၂၆–၃၈ မှာ ဘယ်လိုတွေ့ရသလဲဆိုရင် အဖဘုရားသခင်က ကောင်းကင်တမန်ဂါဗြေလကို မယ်တော်မာရီယားဆီသို့စေလွှတ်ပြီး– သူမအပေါ် ကိုသန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွလာမယ်– အမြင့်ဆုံးသောဘုရား၏တန်ခိုးအာနုဘော်တော်သည် သူမကိုလွှမ်းမိုးလိမ့်မည်။ သူမကနေမွေးဖွားလာမည့်သားဟာလည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းခံရလိမ့်မည်။
- ဒုတိယအချက်အနေနဲ့ သခင်ယေရှူး ဆေးကြောခြင်းမင်္ဂလာခံယူတဲ့အခါဖြစ်ပါတယ်။ မာတေဦး ၃း၁၆–၁၇–

ယေရှုသည်ဆေးကြောခြင်းမင်္ဂလာခံတော်မူပြီးလျှင်၊ ရေပေါ်မှထစဉ်တွင်
ကောင်းကင်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ဝိညာဉ်တော်သည်
ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်အပေါ်သို့နားတော်မူသည်ကို မြင်ရ၍ –
ဤသူကား ငါနှစ်သက်ရာ ငါ၏ချစ်သားပေးတည်းဟူ
ကောင်းကင်ကအသံတော်ဖြစ်၏။

- တတိယအချက်အနေနဲ့ ရှင်ယောဟန်ဧဝံဂေလိကျမ်း အခန်းကြီး ၁၅ ကနေ
  အခန်းကြီး ၁၈ အထိကို ဘာသာသူများအချိန်ယူပြီးဖတ်ရှုနိုင်ပါက
  ပုဂ္ဂိုလ်သုံးပါးဘုရားတဆူအကြောင်းကို သခင်ယေရှုကိုယ်တော်တိုင်
  အကျယ်တဝင့်ရှင်းပြထားတာကို တွေ့နိုင်ပါတယ်။
- စတုတ္ထအချက်အနေနဲ့  သခင်ဘုရားက မိမိရဲ့တမန်တော်ကြီးများကို
  ဟောကြားပြောကြားဘို့အတွက်စေလွှတ်လိုက်တဲ့အခါ   သင်တို့သွား၍
  ခမည်းတော်၊ သားတော်၊
  သန့်ရှင်းသောဝိညာဉ်တော်၏နာမတော်အားဖြင့်ဆေးကြောခြင်းမင်္ဂလာကိုပေး[
  ကလော့ဆိုပြီး မာတေဦး ၂၈း၁၉ မှာတွေ့နိုင်ပါတယ်။

ကရူးစ်မှတ်သားခြင်းကို ကျွန်ုပ်တို့ ပြုလုပ်ကြပါတယ်–
ဘာအဓိပ္ပာယ်ကိုဆောင်ပါသလဲ။ Catholic make the sign of the Cross to remind themselves of the trinity and the cross of salvation.

၁–မိမိကိုယ်ကိုမိမိရှိသေရမယ်။ သူတပါးကိုလည်းရှိသေရမှုဖြစ်ပါတယ်။
သန့်ရှင်းသောဝိညာဉ်တော်ဘုရားကျွန်ုပ်တို့ရဲ့အထဲမှာရှိနေတယ်ဆိုတဲ့ယုံကြည်ခြင်းဟာ
ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ ဘုရားရဲ့ဗိမာန်တော်ဖြစ်ကြောင်းကို
သိမြင်ပြီးတန်းဘိုးထားတတ်လာစေခြင်းဖြစ်ပါတယ်။
နေ့ရာတိုင်းမှာဘုရားရှိနေတယ်ဆိုတဲ့အသိနဲ့
ဘုရားရှေ့မှာကောင်းမွန်စွာနေထိုင်ပြုမူကြမယ်။
သန့်ရှင်းစင်ကြယ်သောဘဝအသက်တာအတိုင်း ကျွန်ုပ်တို့နေထိုင်ကြမယ်။
တရားမျှတခြင်းနဲ့ မေတ္တာတရားနဲ့ပြည့်ဝတဲ့အသက်တာမှာ

အသက်ရှင်နေကြမှာဖြစ်ပါတယ်။ ပုဂ္ဂိုလ်သုံးပါးဘုရားတဆူဟာ လူတိုင်းလူတိုင်းဆိုတဲ့ဗိမာန်တော်ထဲမှာရှိနေတယ်ဆိုတာကို သိရှိလာတဲ့အခါ သူတပါးကိုလည်း သန့်ရှင်းသောဗိမာန်တော်ရဲ့ဗိမာန်တော်ဖြစ်ကြောင်းကို လက်ခံလာပြီး လူတိုင်းကို ရှိသေတတ်လာမှာ ဖြစ်ပါတယ်။

၂– ဘုရားဟာ ကျွန်ုပ်တို့ခွန်အားနဲ့သတ္တိရဲ့အရင်းအမြစ် ဖြစ်ကြောင်း သိရှိရမှာဖြစ်ပါတယ်။ ဘုရားဟာ ကျွန်ုပ်တို့အထဲမှာ ရှိနေပါတယ် ဆိုတဲ့ ခံယူသိရှိနားလည်ခြင်းဟာ ဘဝမှာများစွာသော ပြဿနာအခက်အခဲများကိုရင်ဆိုင်ဖို့ ခရစ်ယာန်တဦးရဲ့ သတ္တိကို ရရှိစေပါတယ်။ ရှေးဦးခရစ်ယာန်တွေဟာ သူတို့ကိုအဆုံးစီရင်မဲ့လူသတ်ကုန်းကို ခေါ်ဆောင်သွားတာတောင်မှ ရဲစွမ်းသတ္တိအပြည့်အဝနဲ့ ဓမ္မသီချင်းတွေကိုသီဆိုပြီး မိမိတို့ရဲ့ယုံကြည်ခြင်းကို ဖော်ထုတ်ခဲ့ကြပါတယ်။ (ဆာလံ– ၄၆း၇၊ ၁၁) ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ငါတို့နှင့်အတူရှိတော်မူ၏။ ယာကုပ်အမျိုး၏ဘုရားသခင်သည် ငါတို့ခိုလှုံရာ ဖြစ်တော်မူ၏။

၃–ကျွန်ုပ်တို့ခရစ်ယာန်မိသားစုတွေဟာ ပုဂ္ဂိုလ်သုံးပါးတဆူဘုရားကို ခရစ်ယာန်မိသားစုတို့ရဲ့စံနမူနာအဖြစ် သိမြင်ရမှာဖြစ်ပါတယ်။ ချစ်ခြင်းမေတ္တာဖြင့် ကျွန်ုပ်တို့ဟာ ဖန်ဆင်းခြင်းခံရသကဲ့သို့ ချစ်စရာကောင်းသော လူမှုအဖွဲ့အစည်းများကို ကျွန်ုပ်တို့တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့ဟာ ချစ်ခြင်းမေတ္တာ၌တလုံးတဝတည်းရှိသကဲ့သို့ ကျွန်ုပ်တို့ ဖြစ်ကြရမှာ ဖြစ်ပါတယ်။ ဆေးကြောခြင်းမင်္ဂလာအချိန်ကစပြီး ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဆိုတဲ့ သုံးပါးတဆူဘုရားနဲ့ ကျွန်ုပ်တို့သက်ဆိုင်သွားပါတယ်။ အဲဒီလောက်ကြီးမားလှပတဲ့ မိသားစုကြီးထဲမှာပါဝင်ခွင့်ရတာကိုက ကြီးမားတဲ့အရာဖြစ်ပါတယ်။ ဒါကြောင့် နေ့စဉ်နေ့တိုင်း ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဆီသို့ ကျွန်ုပ်တို့ရဲ့ဆုတောင်းခြင်းများကို ပြုကြရမှာဖြစ်ပါတယ်။

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့ရဲ့ ချစ်ခြင်း၊ စည်းလုံးခြင်း၊ ပျော်ရွှင်ဝမ်းမြောက်ခြင်းတွေဟာ ခရစ်ယာန်မိသားစုတွေရဲ့ ဆက်သွယ်ဆက်ဆံခြင်းအတွက် စံနမူနာဖြစ်ရမှာ ဖြစ်ပါတယ်။ ဘုရားနဲ့သော်လည်းကောင်း၊ ပတ်ဝန်းကျင်လူသားတွေနဲ့သော်လည်းကောင်း ချစ်ခြင်းနဲ့ပြည့်ဝတဲ့ ဆက်သွယ်ဆက်ဆံမှုရှိတဲ့အခါ တကယ်ဘဲ စစ်မှန်တဲ့ ခရစ်ယာန်ဘဝအသက်တာကို ရရှိစေပါတယ်။

၄-ကျွန်ုပ်တို့ရဲ့ဆက်သွယ်ဆက်ဆံမှုများအားဖြင့် ကျွန်ုပ်တို့ဟာ ပို၍ပို၍ ပုဂ္ဂိုလ်သုံးပါးတဆူဘုရားနဲ့ တူလာရမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ Vertical Relationship လို့ခေါ်တဲ့ ဘုရားနဲ့ကျွန်ုပ်တို့ ဆက်ဆံဆက်သွယ်မှု ရှိရပြီး Horizontal Relationshipလို့ခေါ်တဲ့ဘေးဘက် ပတ်ဝန်းကျင်လူသားတွေနဲ့ဆက်ဆံဆက်သွယ်မှုမျိုးလည်း ရှိရမှာ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်သုံးပါးတဆူဘုရားရဲ့သွန်သင်မှုဟာ ကျွန်ုပ် ဘုရားနဲ့ ပတ်ဝန်းကျင်လူသားတွေနဲ့ ဆက်သွယ်ဆက်ဆံမှုအတွက် စိန်ခေါ်မှုကိုပေးနေပါတယ်။

ချစ်ခြင်းမေတ္တာနဲ့ပြည့်ဝတဲ့အသက်တာကို မိသားစုအထဲမှာ၊ သာသနာတော်အထဲမှာ၊ အသင်းအဖွဲ့အထဲမှာ၊ ကျွန်ုပ်တို့ရဲ့တိုင်းနိုင်ငံအထဲမှာ

အဖဘုရားသခင်ကဲ့သို့ မိသားစုနဲ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ဘို့အတွက် ဖန်တီးမှုများရှိခြင်း၊

သားတော်ဘုရားကဲ့သို့ မေတ္တာနှင့်ပြည့်ဝတဲ့ချစ်ခြင်းနဲ့ ဆက်ကပ်အပ်နှံပြီး တဦးနှင့်တဦးပြန်လည်သင့်မြတ်ခြင်း၊ လူသားနှင့်အဘဘုရားသခင်တို့ကိုပြန်လည်သင့်မြတ်စေခြင်း၊ ငြိမ်းချမ်းသာယာခြင်းကိုပြန်လည်တည်ဆောက်သူများဖြစ်ခြင်း၊ ကျိုးပဲ့ကြေမွသွားသောအရာများကို မှန်သောနေရာသို့ ပြန်လည်ထားသိုခြင်း၊ အစရှိသောအရာများကို ကျွန်ုပ်တို့ပြန်လည်လုပ်ဆောင်ကြပါစို့။

ဝိညာဉ်တော်ဘုရားကဲ့သို့ ဝိညာဉ်တော်ဘုရားရဲ့အကူအညီနဲ့
အမှန်တရားအတိုင်းအသက်ရှင်နေထိုင်ပြီး အမှန်တရားကိုဖွင့်ဟဖော် ထုတ်ကြပါစို့။
လျစ်လျူရှုခြင်းများကို ဘဝမှာဖယ်ထုတ်ကြပါစို့။

ခမည်းတော်–သားတော်–သန့်ရှင်းသောဝိညာဉ်တော်အား
ဘုန်းတော်ဂုဏ်တော်ရှိပါစေ–အစအဦးက
ဘုန်းတော်ဂုဏ်တော်ရှိသည့်အတိုင်းယခုမှစ၍ကမ္ဘာအဆက်ဆက်ရှိပါစေ။ အာမင်။

d